

အသစ်စက်စက်(စ/ဆုံး)လုံးချင်းရုပ်ပြ
ပျှင်း ၏
ကာရာဟွီး
ပိုင်သော
ထက်ထူးတစ္ဆေ
ရေးဆွဲ
ဇော်ချင်းသစ်



# တာရာပွဲကြီး

# တက်တူးတစ္ဆေ


ထုတ်ဝေသူ ❑ ဦးကျော်ဝင်း (ဖျူးလစဉ်)
(မြ-၀၄၂၄၈)
အမှတ်-၅၂၀/က၊ အင်း၀(၄)လမ်း၊
၆/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ❑ ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ ❑ ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ❑ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ မေလ။

အုပ်ရေ ❑ ၅၀၀ အုပ်

တန်ဖိုး ❑ ၁၀၀ ကျပ်

ဖြန့်ချိရေး ❑ ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

အခန်း ၁



# Do you want to meet a ghost?

နံနက်ခင်း First Food ဆိုင်တွင် ပွကြီးတို့ အုပ်စု ဆုံမိကြသည်...ကုမ္ပဏီ တစ်ခုတည်းတွင် အလုပ်လုပ်နေကြသော.. မိုးလုံး ပုပြင်း သီခ်ခွေ့ခင်နှင့်..မေနန်းမောင် တို့လည်း အလုပ် ပိတ်ရက် မို့ စုံလုံး ရောက်ရှိနေကြသည်...




မြီးရှည်က မကောင်းဘူးလား...
မောင်စားချင်တာ..မန္တလေး မြီးရှည်လေ...
အဲဒါဆို မန္တလေးသွားစားမှ ရမယ် သူငယ်ချင်း
အဟင်း...မန္တလေးမှာတော့..ရိုးရာမြီးရှည် စစ်သေးရဲ့လားကွာ... တရုတ်စားအစာနဲ့
ရှမ်းအစား အစာတွေ လွှမ်းပြီး ရောသမမွှေ ဖြစ်နေပြီ မဟုတ်လား...
သည်းခံ ဗကာလေး သည်းခံ..မီးခြစ်က အစ ဟန်းဆက်အလယ်.. မော်တော်ကားအဆုံး
အားလုံး MADE IN CHINA ပဲ...ပေါက်ဖော်ကို မှ... မကြင်နာရင် ရွာလည်သွားမယ်..ပေါက်လား...


အင်း… မင်းက… မြီးရှည်ကို တူနဲ့စားတော့… တရုတ်လိုလို ရှမ်းလိုလို ဖြစ်ကုန်တာပေါ့..ဗမာပီပီ လက်နဲ့ နယ်စားမှ မြီးရှည် ဖြစ်မှာ…
အင်း..ဗမာတွေ ဗမာတွေ..ညံ့ချက်က တော့..လန်ထွက်နေတာပဲ… အင်္ဂလိပ်က ဖွန်း ခက်ရင်း နဲ့..စားတယ်…
အော်… ဟုတ်တယ် နော်…
တရုတ်က.. တူနဲ့စားတယ်..ဗမာ ကျတော့..အမေပေး တဲ့..လက်နဲ့ပဲ… ဟဲပစ်လိုက်တာ ပြီးရော…
ဟုတ်တယ်နော် တီထွင်မှု မရှိတဲ့ လူမျိုးပေါ့…
ပြောမနေပါနဲ့ကွာ ရှက်လွန်းလို့…


ဒါနဲ့ မှူကြီး... မင်း သိမ်မွေ့ခွင်ကို ဘယ်တော့လက်ထပ် မှာလဲ...
အဟင်း... သိန်းထောင်ပါးရာ ပေါက်တဲ့နေ့...
ဟာ...ဒါဆို အပျော်တွဲမယ့်သဘော လို့...ပြောလိုက်တာပဲ ပေါ့...သိမ်မွေ့ခွင်... ညည်းလူကိုကြည့် လုပ်ဦးနော်...
အဲဒါတော့ မတတ်နိုင်ဘူး မေနုနှင်း ပါက တိုက်နဲ့ကားနဲ့မှ... လက်ထပ်မှာလို့ ပြောမိတာကိုး...
ဪ...ဒီလိုလား အဟင်း...ဟင်း...
ဒါဆိုရင်တော့ မှူကြီး မလွန်ပါ ဘူး...


ဒီကောင် တက်တူးထိုးပြီး ငွေရှာ တာလည်း ဝင်ငွေကောင်း သွားပဲဟာ...
?
အေးလေ..ဒီနေ့ခေတ် လူငယ်တွေမှာ..တက်တူး မရှိတဲ့လူဆိုတာရှားသားပဲ... ကြောက်တတ်တဲ့ လူတောင် လက်မောင်းတစ်ဖက်တော့ ထိုးထားတာပဲဟာ...
နှာခေါင်းမှာ ထိုးပေးနိုင်မလား..
တစ်နေ့ ဘယ်လောက်ဝင် လဲ..ပွကြီး
ဒါဆို...တစ်ရက် နှစ်သောင်း သုံးသောင်း တော့..ရမှာပေါ့...
အဲလိုပြောလို့ မရဘူးကွ..တချို့ပုံတွေက နှစ်ရက် သုံးရက် ထိုးယူရတာ လေ...လက်မောင်းတစ်ဖက်ဆို တစ်သိန်းပဲ...ထိုးပေးရတဲ့ပုံ ပေါ်...မူတည်ပြီး..ဈေး အနည်းအများကွာ တယ်...


သူငယ်ချင်းများက ပွကြီး၏ တက်တူးပန်းချီဆရာဘဝကို ဝိုင်း၍ အင်တာဗျူးလုပ်နေကြ သည်...
အင်း...ဆိုပါတော့... ဒါပေမဲ့ ဒီအလုပ်ကလည်း ဘယ်လောက်ထိ ခေတ်စားဦး မလဲဆိုတာ...မသိနိုင်ဘူးလေ... ဒါကြောင့် ရတုန်းရှာပြီး တက္ကစီ တစ်စီးဝယ် ထားတာ...
ဟဲ့.... ပွကြီး က အမြော်အမြင်တော့... ရှိသားဟဲ့..နင်သိပ်တင်း မထားနဲ့နော်..ချော့သင့် တာချော့...
အလကားပြော တာပါ..မေနှင်းရယ် မြို့ပြင်မှာ အိမ်တစ်လုံးနဲ့ ဘဝကို စနိုင်ရင်... ကျေနပ်ပါပြီ...


ဒါဆိုရင်တော့ မနက်ဖြန်လောက်ဆို လက်ထပ်လို့ရပြီ သီခမွှေး...
အိုး..ဒီ့လောက် မြန်မြန်ကြီးတော့ ဖြစ်မလား...
ဟုတ်တယ် သီခမွှေးနှင့်..အချိန်ယူ စဉ်းစားမှ ဖြစ်မှာနော်... အိမ်ထောင်ရေးဆိုတာ အကြွေးဝယ်ခွင့်ကတ် သုံးရသလိုပဲတဲ့...
ပုပြင်းက ပညာရှိစတိုင်နှင့် စကားစလာသည်...
ကြွေးဝယ်ခွင့်ကတ် သုံးသလို ဟုတ်လား ရှင်းစမ်းပါဦး ပုပြင်းရ...
ရှင်းစရာလိုသေးလို့လားကွာ..ဝယ်နေချိန်းနေရတုန်းတော့..ပျော်စရာ..ကောင်းပြီး ပိုက်ဆံ မပေးရသလိုခံစားရတယ်လေ...
အင်း...


အဟဲ..ဟဲ..မင်း ပြောတာ မှန်ပါတယ် အချစ်ဆိုတာ မျက်ရည်ရဲ့ မျိုးစေ့ဆိုတဲ့..စကားတောင် ရှိသေးတာပဲဟာ...
နောက်မှ.. ဘဏ်အပ်ငွေ လက်ကျန်စာရင်းရှင်း တဲ့..အခါ..ကြွေး တောင်းတဲ့အခါ..
မျက်ရည်.. စက်လက်..ကျရသလို ပေါ့ကွာ...
ဒါနဲ့များကွာ မိန်းမယူဖို့ ပြင်ဆင်နေရလား...
အဆင်းတွင် ဘီးတပ်လိုက်သည့် မိုးလုံး ၏ စကားကြောင့်..သိမ်မွေ့ နှင့် မေနန်း တို့ အချင်းချင်းကြည့်ကာ မဲ့ရွဲ့ကြသည်...... ...
မင်းလို တကက်တူး ဆိုလို့..သတ္တိစာလုံးလေး တစ်လုံးတောင် မထိုးရဲတဲ့ အခြောက်တစ်ယောက်က တော့..မိန်းမယူဖို့.. ဘယ်စဉ်းစားမှာလဲ ကွာ...


မှူကြီး ဖွံ့လိုက် သဖြင့်.. မိုးလုံး ..ညို့ သွားသည်..ညို့သည့် အတူတူ မဲ့ခွက်ခွက်နှင့် အငေါ်တူးပြီးပြော တော့၏... ...
မှူကြီး...မင်းဟာ... ကိုယ့် မိန်းမ ကိုယ်ပြန် သတ်လို့..အဖမ်းခံရပြီး တရားရုံးရောက်တဲ့ လူလို ဖြစ်နေပြီ...
ဘာဆိုင်လို့လဲ..
ဆိုင် ပုံကို ရှင်းပြမယ် ဒီလိုကွာ..မိန်းမသတ်မှုနဲ့ အစစ် ခံရတဲ့တရားခံကို တရားသူကြီးက...
မင်းဟာ ကြာခိုတဲ့လင်ငယ်ကို မသတ်ဘဲ...ဘာလို့ ကိုယ့် မိန်းမကိုယ် သတ်ရတာ လဲလို့..စစ်မေးသတဲ့...
အဲဒီတော့ ဟိုလူ ဘယ်လို ဖြေလဲ...


အဲဒီမှာ လင်ကြီးက လင်တိုင်း ယောကျာ်း တစ်ယောက် ဖြီး တစ်ယောက်...သတ် နေရမယ့် အစား...
မိန်းမတစ်ယောက်ကို တစ်ခါတည်း သတ်လိုက် တာက...ထောင်ကျရက်တွေ ပိုနည်းသွားမယ် ထင်လို့ ပါတဲ့...
ရယ်သံတွေ ဆူညံသွားသည်...
ရယ်နေလို့ အကောင်းမမှတ် နဲ့ အဲဒီ မိန်းမတွေ ရဲ့သိက္ခာကို ထိပါး စော်ကားတာ ဖောက်ပြန်တဲ့ မိန်းမတွေလို့ ပြောလိုက်တာ မခံနိုင်ဘူး....
မိုးလုံးက...ငါးမန်း ပြုးလေး ပြုးလိုက် သဖြင့်...သွား.. အဖွေးသားပေါ် လာ၏... ...
အဟင်း...
စိတ်မဆိုးနဲ့ ဒါ...အခု မှ မဟုတ်ဘူး...လွန် ခဲ့တဲ့ နှစ်တစ်ထောင်လောက်က စပြီး...ဒီအတိုင်းပဲ.....


ဟား
သခိုင်းနဲ့ချိုပြီး
စော်ကားနေပါ
လား...
ဟုတ်တယ်လေ
ဗိုမှာသက်သေရှိပြီးသား
ရှေးဟောင်းကျမ်းဖြစ်တဲ့...မဟာ
ဒေဝ လင်္ကာမှာ...သက်ရှယ်နဲ့တွား
ဗိုမယားက..ဖွားသည့်သည်းချာ
ဗိုသားသားဟု မှတ်ရှာသုငယ်
မယားရယ်ဓိလို့တောင်
ရေးခဲ့တာလေ...
အဲဒါ
ဘာအဓိပ္ပါယ်
လဲ...
ဟာ...တုံးလိုက်တာ
ပုပြင်းရာ..အင်း..မင်းနားလည်
အောင်..ငါပြောပြမယ်..ဒီလို
ကွာ...မိန်းမတစ်ယောက်...
ရည်းစားထားမယ် ကဲမယ်...
ပြီးတော့ မိဘ ပေးစားတဲ့သူနဲ့
ယူမယ်..သူ့မှာ ကိုယ်ဝန်ပါ
လာတာကို အဲဒီလူ
မသိဘူး...
ဪ...


ပြီးတော့ မွေးလာတဲ့ ကလေးကို သူ့သား အရင်း မှတ်ပြီး သားလေး သားလေးနဲ့ အရူး အမူး ချစ်နေတာကို.... မယားက ချောင်းကြည့်ပြီး ရယ်တာယ်ဆိုတဲ့အကြောင်း က်...ရှင်းပြီလား...
အင်း..ရှင်းပါပြီ ကွာ...ဒီလိုဆိုတော့ လည်း..မိန်းမတွေ တော်တော်ဆိုးတာပဲ ကွ..နော်...
အောင်မာ.. သေဖော်ညှိနေကြ ပြန်ပြီ...
သေဖော်ညှိတာ မဟုတ်ဘူး အမှန် တွေ...ပြောနေကြ တာ...
ထိုတိုက် ပွဲကြားသို့ မှူကြီး ဝင်မပါဘဲ ဘန်ကီမှုန်းကဲ့သို့..အလွန်အမင်း စိုးရိမ် မကောင်း ဖြစ်နေရဟန် နှင့်..စောင့်ကြည့် နေ၏....


မိန်းမ ယူမိလို့ ကောင်းတဲ့ကိစ္စ..ဘာမှ မရှိပါဘူးကွာ...ပါ... ဥပမာပြောပြမယ်...
လုပ်စမ်း
မိန်းမတစ်ယောက် ထီဆယ်စောင်ထိုးလာပြီး... သူ့ယောက်ျားကို ပြတယ်... ပြီးတော့ ထီပေါက်ရင် စိန်နားကပ်တစ်ရံ ဝယ်ပန် မယ်လို့ပြောတယ်...
ဒီတော့ ယောက်ျားက မပေါက်ရင်ကောလို့ ပြန်မေး တယ်...အဲဒီမှာ မိန်းမက... မပေါက်ရင် ရှင်ဝယ်ပေး ပေါ့လို့ ပြောတာ ကွ...
အဲဒီတော့
အဲဒါ မိန်းမတွေဟာ ရလိုမှုကလွဲပြီး ဘာမှ မသိဘူးဆိုတဲ့ သဘောပေါ့...


မိုးလုံး တော်လောက်ပြီ နော်...
မတော်နိုင်သေးဘူး မှန်တာတွေချည်းပြောနေတာ... တစ်ခါကလည်း သမီးရည်းစား နှစ်ယောက်..ချိန်းတွေ့တုံး ကောင်မလေးက...
ဖေဖေမေးလို့ ရှင်ဟာ...ကဗျာဆရာ တစ်ယောက်လို့ဖြေလိုက် တာ...ဖေဖေ သဘောကျ သွားတယ်လို့ ပြော တယ်...
တကယ်ကော ကဗျာဆရာလား..
မဟုတ်ဘူးဟ မဟုတ်တော့မေး တာပေါ့...
အင်း... အဲဒီတော့...
မင်းအဖေက ကဗျာဆရာဆိုရင် အထင်ကြီး လေးစားလို့ အဲသလို ပြောတာ လားပေါ့...


အဲဒီတော့မှ
ကောင်မလေးက..မဟုတ်ပါဘူး
ရှင့်အရင် နောက်ဆုံးရည်းစားကို
အိမ်ခေါ်သွားတုံးက အဖေကသူ့ကို
မောင်းထုတ် ခဲ့တာလေ....
အဲဒီမှာ သူက
လက်ဝှေ့သမားဆိုတာ..
မမျှော်လင့်ဘဲ သိလိုက်ရလို့
ပါလို့ ပြောတာဟေ့...
ဟား...ဟား...ဟား...
အဘိုးကြီးကို မတော်လိုက်
ရတဲ့ သမက်လောင်းက...
ကောင်းကောင်း သမသွားလို့
သတိတရဖြစ်ကျန် ခဲ့တာ
ပေါ့...ဟုတ်လား...
အေး...အဲဒါလည်း
မိန်းမတွေ မျက်နှာများ
တာကို သရော်တာပဲ
လေ....
သိမ်မွေ့ခြင်း တို့
မသိမ်မွေ့တော့
ပေါ်သည်နှင့်...
တော်လောက်ပြီ
နော်.. မိုးလုံး...နင်...
အပြောတွေက..လုံးဝ
အနိုကတ်ဖြစ်နေ
ပြီ...




ပွဲစတော့မည်ဟန်နှင့်.. သိမ့်မွှေခင်နှင့်မေနန်းမောင်တို့
လက်ဝါးချင်းရိုက်လိုက်ကြသည်... ... ...


ဆုန်ဒြသင်းပါရဲ့ ဟိုသီချင်း ကြားဖူးတယ် မဟုတ်လားခေနန်း..ရည်းစားနဲ့ တွဲသွားရင်းနဲ့တောင် တခြား ကောင်မလေးတွေကိုလှမ်းဝမ်းလို့ မိုက်ခေါက်လိမ် ခံရတဲ့အကြောင်း ဆိုထားတာလေ...
အေး..အေး ဟုတ်တယ် ကြားဖူးတယ် ယောကျ်ားတွေရဲ့ အကျင့်ကို အပီအပြင်ဖော် ပြတဲ့သီချင်း ကောင်းမှကောင်းပဲ...
မှူးကြီးက ဒိုင်ဝင်လုပ်ပေးလိုက်၏...
ဟဲ..ဟဲ... မိန်းကလေးတွေဘက် က..တစ်မှတ်ရသွား ပါပြီ...
မိုးလုံးနှင့်မှူးပြင်း ချောင်းဟန့် လိုက်ကြသည်...
အဟမ်း... အဟမ်း..


တစ်ခါက... လူလတ်ပိုင်း အရွယ် မိန်းမနှစ်ယောက်ဆုံ ကြတယ်...
ဪ...လင်မယား ကွာရှင်းထားကြတာ ကိုး...ဘယ်လိုဖြေ သလဲ...
တစ်ယောက်က... သူမသိသေးတဲ့ကိစ္စ သတင်းမေးတယ်..ခေါ် နင်တို့ ကွာရှင်းတဲ့ကိစ္စ ရုံးတော်က ဘယ်လို ဆုံးဖြတ်လိုက် သလဲတဲ့...
ခေါ်က..ကလေး သုံးယောက်လုံး အုပ်ထိန်းခွင့် ကို...အရင်ယောကျ်ားရသွားတယ် လေ...တန်သလား မမေးနဲ့..သူ့ ကလေး တစ်ယောက်မှ မပါ ဘူးလို့ အားရပါးရပြော တာပေါ့...
မှုကြီး..ကြားက.. ဝင်ခလောက်ပေး လိုက်ပြန်သည်...
အဟဲ... ယောကျ်ားလေး ဘက်က တစ်မှတ်သာ သွားပြန်ပါပြီခင်ဗျာ...